World Health Organization Myanmar


# Novel corona virus (nCoV)

WHO Myanmar newsletter *special*, 24 January 2020

## လက်ရှိအခြေအနေ

- ၂၀၂၀ ဇန်နဝါရီလ ၇ ရက်နေ့တွင် တရုတ်အာဏာပိုင်များမှ ဝူဟန်မြို့၊ ဟူဘေးပြည်နယ်တွင် နမိုးနီးယားအဆုတ်ရောင်ရောဂါ အများအပြားကို ဖြစ်ပွားစေသော ဗိုင်းရပ်စ်ပိုးအသစ်တစ်မျိုးကို တွေ့ရှိကြောင်း အတည်ပြုခဲ့ပါသည်။ ရောဂါဖြစ်ပွားသောလူနာ အများစုမှ ဟူရာနန် ပင်လယ်စာ လက်ကားဈေးသို့ သွားရောက်ခဲ့ကြောင်း သိရပါသည်။
- ၂၀၂၀ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ထိုင်းအာဏာပိုင်များက နိုင်ငံအတွင်းသို့ဝင်ရောက်လာသော ဝူဟန်မြို့မှ တရုတ်ခရီးသွား ဧည့်သည်လူနာတစ်ဦးတွင် corona ဗိုင်းရပ်စ်ကို ပထမဦးဆုံး လူနာအဖြစ် ဓါတ်ခွဲအတည်ပြုခဲ့ပါသည်။
- ၂၀၂၀ ဇန်နဝါရီ ၁၅ ရက်နေ့တွင် ဂျပန်အာဏာပိုင်များက နိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ဝူဟန်မြို့တရုတ်ခရီးသွား ဧည့်သည်လူနာတွင် corona ဗိုင်းရပ်စ်ကို ဓါတ်ခွဲအတည်ပြုခဲ့ပါသည်။
- ၂၀၂၀ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ထိုင်းအာဏာပိုင်များက ဒုတိယ လူနာတွင် corona ဗိုင်းရပ်စ်တွေ့ရှိကြောင်းကို ဓါတ်ခွဲအတည်ပြုခဲ့ပါသည်။
- ၂၀၂၀ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် နိုင်ငံ လေးနိုင်ငံမှ အတည်ပြုလူနာ ၂၈၂ ဦးကို အစီရင်ခံခဲ့ပါသည်။ (တရုတ်နိုင်ငံမှ ၂၇၈ ဦး၊ ထိုင်းနိုင်ငံမှ ၂ ဦး၊ ဂျပန်နိုင်ငံမှ ၁ဦးနှင့် ကိုးရီးယားသမ္မတနိုင်ငံမှ ၁ဦး) လူနာအားလုံးတွင် ဝူဟန်မြို့သို့ ခရီးသွားခဲ့ကြောင်းတွေ့ရှိရပါသည်။
- ၂၀၂၀ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် အတည်ပြုလူနာ ၅၈၄ ဦးကို အစီရင်ခံခဲ့ပါသည်။ ၅၅၇ ဦးမှာ တရုတ်နိုင်ငံမှဖြစ်ပြီး ၁၇ဦးမှာ သေဆုံးခဲ့ပါသည်။ နမိုးနီးယားအဆုတ်ရောင်ရောဂါသည် အခြားနိုင်ငံများသို့ ပြန့်နှံ့ခဲ့သော်လည်း အခြားနိုင်ငံများတွင် လူနာ အနည်းငယ်သာ တွေ့ရှိခဲ့သောကြောင့် ၎င်းနိုင်ငံများအတွင်း ရောဂါ ကူးစက်ပြန့်နှံ့နေသည်ဟု ယူဆ၍မရပါ။
- ၂၀၂၀ ဇန်နဝါရီလ ၂၂-၂၃ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက် (International Health Regulations – IHR) အရေးပေါ်ကော်မတီကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ညွှန်ကြားရေးမှူးချုပ်မှခေါ်ယူခဲ့ပြီး ကမ္ဘာ့ကျွမ်းကျင်ပညာရှင်များ အဖွဲ့မှ၎င်းဖြစ်ရပ်သည်ပြည်သူ့ကျန်းမာရေး အရေးပေါ်အနေအထား သို့ မရောက်သေးကြောင်း ထုတ်ပြန်ခဲ့ပါသည်။

## novel corona virus (nCoV) ဆိုသည်မှာ




- nCoV သည် corona ဗိုင်းရပ်စ်အသစ်တစ်မျိုး ဖြစ်ပြီး (2019-nCoV) ယခင်က လူတွင် တွေ့ရှိထားခဲ့ခြင်း မရှိပါ။
- corona ဗိုင်းရပ်စ်သည် ကြီးမားသောဗိုင်းရပ်စ် အုပ်စုဖြစ်ပြီး လူနှင့် တိရစ္ဆာန်များတွင် ရောဂါ ဖြစ်စေသည်။
- corona ဗိုင်းရပ်စ်သည် လူများတွင် သာမန်တုပ်ကွေးမှ ပြင်းထန် သော ရောဂါများအထိဖြစ်ပွားနိုင်ပြီး အရှေ့အလယ်ပိုင်းအသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ Middle East Respiratory Syndrome (MERS-CoV)နှင့် ပြင်းထန်သော အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ Severe Acute Respiratory Syndrome (SARS-CoV) အထိ ဖြစ်ပွားနိုင်ပါသည်။
- corona ဗိုင်းရပ်စ်သည် လူများကို တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်သော ရောဂါတစ်ခုဖြစ်သည်။

## corona ဗိုင်းရပ်စ်၏ ရောဂါလက္ခဏာများ

- အဖျားကြီးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကြပ်ခြင်း၊ အသက်ရှူရ ခက်ခဲခြင်း၊
- ရောဂါပြင်းထန်လာပါက နမိုးနီးယား (ခေါ်) အဆုတ်ရောင်ရောဂါ (သို့) အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ ဖြစ်ပွားနိုင် ပါသည်။



## nCoV ဗိုင်းရပ်စ်ရောဂါသည် လူများကို ဘယ်လို ကူးစက်သလဲ

- ကပ်ရောဂါ အသွင်ဖြစ်ပွားစေသော ရောဂါအရင်းအမြစ်ကို သိရှိရန် ပြင်းထန်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပါသည်။ အထူးသဖြင့် ရောဂါနှင့်ထိတွေ့မှု၊ ရောဂါကူးစက်မှု ပုံစံတို့ဖြစ်သည်။ (တိရစ္ဆာန်များတွင် reservoir အနေဖြင့်ရှိနိုင်ပါသည်)

## corona ဗိုင်းရပ်စ်သည် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်နိုင်သလား

- လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်မှုအချို့ရှိနေသော်လည်း ၎င်း၏ ကူးစက်မှု အတိုင်းအတာမှာ သေချာမသိသေးပါ။
- ကျန်းမာရေး စောင့်ရှောက်မှု ဝန်ထမ်းများအား ကူးစက်မှုသည် ၎င်းအချက်ကို ခိုင်မာစေသည်။ ထိုသို့ကူးစက်မှုသည် အခြား အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါများနှင့် ယခင် corona ဗိုင်းရပ်စ်ကပ်ရောဂါအသွင် ဖြစ်ပွားခဲ့စဉ်က ကြုံတွေ့ရမှုနှင့် ကိုက်ညီ ပါသည်။ လူများ မည်သို့ ကူးစက်ခံရကြောင်း အတိအကျသိရှိရန် ထပ်မံ စုံစမ်းစစ်ဆေးမှုများ လိုအပ်ပါသည်။

## corona ဗိုင်းရပ်စ် (2019-nCoV) အတွက် ကာကွယ်ဆေး ရှိပါသလား



- nCoV သည် အသစ်ဖေါ်ထုတ်တွေ့ရှိသော ရောဂါ ဖြစ်သောကြောင့် ကာကွယ်ဆေး မရှိပါ။
- သာမန်အားဖြင့် ကာကွယ်ဆေး အသစ် ထုပ်လုပ်ရန် နှစ်ပေါင်းများစွာ ကြာတတ်ပါသည်။

## nCoV ဗိုင်းရပ်စ် (2019-nCoV) အတွက် ကုထုံးရှိပါသလား

- nCoV အတွက် သီးခြား ကုထုံးမရှိပါ၊ လူနာ၏ ရောဂါ လက္ခဏာပေါ် မူတည်ပြီး ကုသရပါမည်။ လူနာကို အထောက်အပံ့ ဖြစ်စေသော စောင့်ရှောက်မှုသည် အလွန် ထိရောက်ပါသည်။




World Health Organization
Myanmar

No.403 (A1), Shwe Taung Kyar Street,
Bahan Township, Yangon, Myanmar.
Tel : +95 1 534 300, 534 307, 538 620
538 621, 538 474, 538 476
Fax : +95 1 538 233, 538 435
E-mail : semmr@who.int
Website : http://www.who.int/myanmar



## ခရီးသွားများအတွက် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ကျန်းမာရေး အကြံပြုချက်များ

- ၂၀၂၀ ဇန်နဝါရီလ ၇ ရက်မှစ၍ တရုတ်နိုင်ငံ၊ ဝူဟန်မြို့မှ လာသော ခရီးသွားဧည့်သည်များကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် ဆိုက်ရောက်နေရာ၌ **Screen** လုပ်ပြီး စစ်ဆေးပါသည်။
- လေဆိပ်ဆိုက်ရောက်ရာ၌ အဖျားရှိခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ အသက်ရှူကျပ်ခြင်းရှိသည့် ခရီးသွားများကို **Airport Quarantine Desk** သို့ အစီရင်ခံရပါမည်။
- အကယ်၍ မြန်မာနိုင်ငံသို့ **ရောက်ရှိပြီး ၁၄ ရက် အကြာတွင်** အဖျားရှိခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ အသက်ရှူကျပ်ခြင်း ရှိနေပါက ခရီးသွားများအား နီးစပ်ရာ ကျန်းမာရေးဌာန၊ အစိုးရဆေးရုံများသို့ သွားရောက်၍ စောလျှင်စွာ ကုသမှုခံယူရန်နှင့် အစီရင်ခံရန် အကြံပြုပါသည်။



Ministry of Health and Sports


Health Advisory for Travellers

Welcome to Myanmar

All the travellers coming from Wuhan (People's Republic of China), please kindly report to Airport Quarantine Desk if you have symptoms of **fever, cough, sneezing, shortness of breath** in arrival (or) within (14) days of being in Wuhan.

We would like to advise to seek early medical care and report at nearest health facilities, preferably government hospital if you have symptoms of **fever, cough, sneezing, shortness of breath,** (14) days after arriving to Myanmar.

Airport Health Quarantine,
Ministry of Health and Sports
7th January, 2020



ခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာသတိပေးချက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့မှ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် ခရီးသည်များအနေဖြင့် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကြပ်ခြင်း စသည့် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ လက်ရှိ ဖြစ်ပွားလျက်ရှိပါက (သို့မဟုတ်) လွန်ခဲ့သော (၁၄) ရက်အတွင်း ရောဂါလက္ခဏာများ ဖြစ်ပွားခဲ့ပါက (သို့မဟုတ်) ပြန်လည်ရောက်ရှိပြီး (၁၄) ရက်အတွင်း အဆိုပါရောဂါလက္ခဏာများ ဖြစ်ပွားပါက လေဆိပ်ကျန်းမာရေးဌာန နှင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သင်၏ ကျန်းမာရေးအား အခမဲ့ ကုသပေးနိုင်ရေးအတွက် အမြန်ဆုံး သတင်းပေးပို့ဆောင်ရွက်ပါရန်။

လေဆိပ်ကျန်းမာရေးဌာနခွဲ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
(၇-၁-၂၀၂၀)

*source: Ministry of Health & Sports, Myanmar, 2020*

## မိမိကိုယ်တိုင်နဲ့ အခြားသူများ ရောဂါကူးစက်ခြင်း မခံရအောင် ဘယ်လို ကာကွယ်မလဲ။



- မွေးမြူရေးတိရစ္ဆာန်များ (သို့) တောရိုင်းတိရစ္ဆာန်များနှင့် အကာအကွယ်မဲ့ ထိတွေ့ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်ပါ။



- လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်ခံရသူများနှင့် အနီးကပ် နေထိုင်ခြင်းမှ ရှောင်ကြဉ်ပါ။



- လက်ကို ဆပ်ပြာနှင့် ရေ အသုံးပြုပြီး သန့်ရှင်းစင်ကြယ်အောင် မကြာခဏ ဆေးကြောပါ။ အထူးသဖြင့် ဖျားနာနေသူများ (သို့) ဖျားနာနေသူများ၏ ပတ်ဝန်းကျင်နှင့် တိုက်ရိုက်ထိတွေ့ပြီးသည့် အခါတိုင်း လက်ကို ဆပ်ပြာနှင့် ရေကို အသုံးပြုပြီး သန့်ရှင်းစင်ကြယ်စွာ ဆေးကြောပါ။



- ချောင်းဆိုး၊ နှာချေတိုင်း အဝတ် (သို့) တစ်ရှူးကို အသုံးပြုပြီး နှာခေါင်းနှင့် ပါးစပ်ကို လုံအောင် ဖုံးအုပ်ပါ။ ချောင်းဆိုး၊ နှာချေနေသော လူများနှင့် ခပ်လှမ်းလှမ်းတွင် နေပါ။ လက်ကို ဆပ်ပြာနှင့် ရေ အသုံးပြုပြီး သန့်ရှင်းစင်ကြယ်အောင် ဆေးကြောပါ။



- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ အသက်ရှူကြပ်ခြင်းစသည့် ရောဂါလက္ခဏာများ ခံစားရပါက တတ်ကျွမ်းနားလည်သည့် ကျန်းမာရေး ပညာရှင်များထံမှ အကြံဉာဏ်ရယူပါ။

- more information on novel coronavirus (2019-nCoV) at https://bit.ly/3aDAOJ1
- more information on situation reports at https://bit.ly/2GiQxiZ